# ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၈။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁။

### စကားချီး။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ထိုလုပ်ငန်းနှစ်ရပ်လုံး၊ သို့မဟုတ် တခုခုအတွက် အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်၊ သတ်မှတ်သည့် နေ့ရက်များ၌ စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း'' ဆိုသည်မှာ၊

(၁) ခရီးသည်များကိုသော်၎င်း၊ ကုန်စည်များကိုသော်၎င်း၊ ငှါးရမ်းခ သို့မဟုတ် အကျိုးကျေးဇူး တခုခုအတွက် သယ်ယူပို့ဆောင်ရန် အလို့ငှါ၊ သို့မဟုတ်

(၂) တဦးတယောက်သောသူက ဆောင်ရွက်သော ကုန်သွယ်မှု၊ သို့မဟုတ် စီးပွါးရေးကိစ္စတခုခုနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရန် အလို့ငှါ၊

သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ဖြင့်၊လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းကိုဆိုလိုသည်။

(ခ) ''သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်'' ဆိုသည်မှာ၊ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊သယ်ယူပို့ဆောင်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းပြည်သူတို့ဆိုင်ရာလမ်းများပေါ်တွင် စက်အင်အားဖြင့်မောင်းနှင်၍သော်၎င်း၊ ဆွဲငင်၍သော်၎င်း၊ အသုံးပြုသည့်ယာဉ်၊ စက်၊ ထရေလ်လီဘတ်ကား၊ ဝန်ဆွဲယာဉ်၊ သို့မဟုတ် နောက်တွဲတခုခုကိုဆိုလိုသည်။ ထိုစကားရပ်တွင် မီးရထားသံလမ်း၊ သို့မဟုတ် သံလမ်းများပေါ်တွင်သာ သွားလာသောယာဉ်၊ စက်ခေါင်း၊ သို့မဟုတ် ရထားတခုခုသော်၎င်း၊ ပိုင်ရှင်၏ဥပစာအတွင်း၌သာအသုံးပြုသော ယာဉ်တခုခုသော်၎င်း၊ စီးပွါးရေးကိစ္စမှတပါး အခြားကိစ္စများအတွက် အသုံးပြုသော မော်တော်ယာဉ်တခုခုသော်၎င်း မပါဝင်ချေ။

(ဂ) ''စက်ရေယာဉ်'' ဆိုသည်မှာ၊ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ရန်အလို့ငှါ၊ ရေနွေးငွေ့၊ သို့မဟုတ် လျှပ်စစ်၊ သို့မဟုတ် အခြားစက်အင်အားဖြင့်လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ ခုတ်မောင်း၍ပြည်တွင်းရေကြောင်း၌ သာမန်အားဖြင့်အသုံးပြုသည့် ရေယာဉ်အမျိုးမျိုးကိုဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် ဤဥပဒေအရ ကြီးကြပ်ထိန်းသိမ်းရေးကိစ္စ အလို့ငှါ စက်အင်အားသုံးရေယာဉ်ဖြင့်ဘွန်းသည့်၊ သို့မဟုတ်ဆွဲသည့်၊ သို့မဟုတ် တွဲသည့် မည်သည့်ရေယာဉ်မဆိုပါဝင်သည်။ သို့ရာတွင် ထိုစကားရပ်တွင် စီးပွါးရေးကိစ္စမှတပါး အခြားကိစ္စများအတွက် အသုံးပြုသောစက်ရေယာဉ်မပါဝင်ချေ။

(ဃ) ''အာဏာပိုင်အဖွဲ့'' ဆိုသည်မှာ၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ကိုဆိုလိုသည်။

(င) ''လိုင်စင်'' ဆိုသည်မှာ၊ ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခွင့် ပြုသောအာဏာပိုင်အဖွဲ့ကထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုလိုသည်။

(စ) ''ဌာနတာဝန်ခံ'' ဆိုသည်မှာ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနတာဝန်ခံကိုဆိုလိုသည်။

(ဆ) ''ဥက္ကဋ္ဌ'' ဆိုသည်မှာ၊ ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌကိုဆိုလိုသည်။

(ဇ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသော နည်းဥပဒေများဖြင့်သတ်မှတ်သည်ကို ဆိုလိုသည်။

## အပိုင်း ၂။

### ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်အုပ်ချုပ်နိုင်သည့်အာဏာ။

၃။ ။မည်သူမျှ၊ လိုင်စင်မရှိဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုမလုပ်ကိုင်ရ၊ သို့မဟုတ် မလုပ်ကိုင်စေရ။

သို့ရာတွင် ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင်ကုန်းလမ်း၊ သို့မဟုတ်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသူသည်၊ ဤဥပဒေအာဏာ တည်ပြီးနောက် အစိုးရကသတ်မှတ်ပေးသည့်ကာလအပိုင်းအခြားအတွင်း အဆိုပါလိုင်စင်ကိုလျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားဆဲအတွင်း ထိုသူမှာ ထိုလုပ်ငန်းကိုဆက်လက်လုပ်ကိုင်နိုင်ခွင့်ရှိစေရမည်။

၄။ ။မည်သူ့အားမျှ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံသားမဟုတ်လျှင်၊ လိုင်စင်ကိုထုတ်မပေးရ။

၅။ ။အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ဤဥပဒေသည် အစိုးရက အမိန့်ကြော်ငြာစာဖြင့် ကျေညာသည့်ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်မသက်ဆိုင်စေရ။

## အပိုင်း ၃။

### ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့။

၆။ ။အစိုးရသည်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်အုပ်ချုပ်ရန်ငှင်း၊ ဤဥပဒေဖြင့်၊ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေဖြင့်အပ်နှင်းသည့် အာဏာများနှင့် အလုပ်ဝတ္တရားများသုံးစွဲဆောင်ရွက်ရန်ငှင်း ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ ။(၁) အာဏာပိုင်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်——

(က) အစိုးရကခန့်ထားသောဥက္ကဋ္ဌ။

(ခ) သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနမှ ကိုယ်စားလှယ်တဦး။

(ဂ) ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီမှကိုယ်စားလှယ်တဦး။

(ဃ) ရဲအဖွဲ့မှကိုယ်စားလှယ်တဦး။

(င) လမ်းလုပ်ငန်းဌာနခွဲမှ ကိုယ်စားလှယ်တဦး။

(စ) ရေကြောင်းဌာနခွဲမှကိုယ်စားလှယ်တဦး။

(ဆ) အစိုးရကခန့်ထားသော လေးဦးထက်မပိုသည့်အခြားပုဂ္ဂိုလ်များ။

(၂) ဥက္ကဋ္ဌသည်၊ အာဏာပိုင်အဖွဲ့၏အုပ်ချုပ်ရေးမှူးဖြစ်ရမည်။

(၃) အာဏာပိုင်အဖွဲ့သည်၊အစိုးရ၏သဘောတူညီချက်ဖြင့်အမှုဆောင်အရာရှိတဦးခန့်ထားရမည်။ ထိုအမှုဆောင်အရာရှိသည်၊ အာဏာပိုင်အဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

၈။ ။အာဏာပိုင်အဖွဲ့ဆောင်ရွက်သောမှုခင်းကိစ္စများမှာ၊ အာဏာပိုင်အဖွဲ့ဝင်တဦးဦး၏ရာထူးလစ်လပ်ခြင်းကြောင့်သော်ငှင်း၊ အာဏာပိုင်အဖွဲ့ဝင်တဦးဦး အလုပ်ဝတ္တရား မဆောင်ရွက်နိုင်ခြင်းကြောင့်သော်ငှင်း၊ အာဏာပိုင်အဖွဲ့ဝင် တဦးဦးအားခန့်ထားရာ၌ချို့ယွင်းချက်တခုခုရှိခြင်းကြောင့်သော်ငှင်း၊ပျက်ပြယ်ခြင်းမရှိစေရ။

## အပိုင်း ၄။

### ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များ။

၉။ ။အစိုးရ၏သဘောတူညီချက်အရအာဏာပိုင်အဖွဲ့သည်၊ မိမိသတ်မှတ်ထားသောဒေသများတွင်၊ကုန်းလမ်း၊သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်အုပ်ချုပ်ရန်၊ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၁၀။ ။ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့တခုခုသည်၊ အကြောင်းအားလျော်စွာ လိုအပ်သည့်အတိုင်း အာဏာပိုင်အဖွဲ့ကလွှဲအပ်သည့်အာဏာများနှင့် အလုပ်ဝတ်တရားကိုသုံးစွဲဆောင်ရွက်ရမည်။

၁၁။ ။ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များသည်၊ မိမိအားအကြောင်းအားလျော်စွာလွှဲအပ်သည့်အာဏာနှင့်အလုပ်ဝတ်တရားများ၊ သုံးစွဲဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့သို့သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အစီရင်ခံစာ တင်သွင်းရမည်။

## အပိုင်း ၅။

### ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ အာဏာများနှင့်အလုပ်ဝတ်တရားများ။

၁၂။ ။(၁) အစိုးရ၏ ယေဘုယျညွှန်ကြားချက်နှင့်၎င်း၊ ဤဥပဒေပါအခြားပြဋ္ဌာန်းချက်များနှင့်၎င်း၊ မဆန့်ကျင်စေဘဲ၊ အာဏာပိုင်အဖွဲ့မှာ၊ အောက်ပါကိစ္စများကိုဆောင်ရွက်ရန်အာဏာရှိရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် ခရီးစဉ်နှင့်နယ်မြေအတွက် လိုင်စင်ထုတ်ပေးရေး၊ ဒဿစ်လဲရေး၊ ပြင်ဆင်ရေး၊ ခေတ္တရပ်စဲရေး၊ ဖျက်သိမ်းရေးနှင့် အခွန်အခစည်းကြပ်ကောက်ခံရေးကိစ္စ။

(ခ) လိုင်စင်ထုတ်ပေးရန် စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ၊ အထူးသဖြင့်၊ ခရီးစဉ်များ၊ သွားလာမည့် ခရီး အခေါက်ပေါင်း၊ အခန္နှုန်းထားများနှင့် အခမဲ့ ယူဆောင်ခွင့်ပြုထားသည့် ပစ္စည်းအလေးချိန်သတ်မှတ်ရေးကိစ္စ။

(ဂ) လိုအပ်သည့် ရာထမ်းမှုထမ်းများခန့်ထားရေးနှင့် ၎င်းတို့၏ လစာနှင့်စရိတ်များသတ်မှတ်ရေးကိစ္စ။

(ဃ) ဥက္ကဋ္ဌအားသော်၎င်း၊ မိမိ၏လက်အောက်တွင် အမှုထမ်းရွက်သောအရာရှိတဦးဦးအားသော်၎င်း၊ မိမိသင့်သည် ထင်မြင်သည့်အာဏာနှင့်အလုပ်ဝတ်တရားများလွှဲအပ်ရေးကိစ္စ။

(င) ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှါ မည်သည့်ဥပစာ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့်စက်ရေယာဉ်ကိုမဆို ဝင်ရောက်စစ်ဆေးရေးနှင့် လိုအပ်သည့် စာတမ်းအမှတ်အသားစသည်တို့ကို ရှာဖွေသိမ်းဆည်းရေးကိစ္စ။

(စ) ကုန်းလမ်း၊ သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့်စပ်လျဉ်း၍၊ အစိုးရကအခါအားလျော်စွာ လိုအပ်သော အခြားအလုပ်ဝတ်တရားများနှင့်တာဝန်များဆောင်ရွက်ရေးကိစ္စ။

(၂) အာဏာပိုင်အဖွဲ့သည်၊ အစိုးရ၏သဘောတူချက်ဖြင့်၊ ဤဥပဒေနှင့်သော်ငြား၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်သော်ငြား ကိုက်ညီသော စည်းကမ်းဥပဒေများကိုပြုနိုင်သည်။

## အပိုင်း ၆။

### လိုင်စင်ထုတ်ပေးထားသည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့် စက်ရေယာဉ်ကိုရောင်းချခြင်းနှင့်လွှဲပြောင်းခြင်း။

၁၃။ ။ဤဥပဒေအရပြုသည့် နည်းဥပဒေများ၌ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး၊ မည်သူမျှ၊ လိုင်စင်ကို အာဏာပိုင်အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရဘဲ၊ မလွှဲပြောင်းရ။

၁၄။ ။လိုင်စင်ရသူသည်၊ လိုင်စင်ထုတ်ပေးထားသည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကို အာဏာပိုင်အဖွဲ့၏ ကြိုတင်သဘောတူညီချက်မရဘဲမရောင်းချရ၊ သို့မဟုတ် မလွှဲပြောင်းရ။

## အပိုင်း ၇။

### ဤဥပဒေကိုသော်ငြား၊ ဤဥပဒေအရပြုသည့်နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေကိုသော်ငြား ဖေါက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့၏ အာဏာ။

၁၅။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတခုခုကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက်တခုခုကိုဖြစ်စေ ဖေါက်ဖျက်လျှင်၊ သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင်၊ အာဏာပိုင် အဖွဲ့သည်—

(က) အပိုင်း ၈ ပါပြဋ္ဌာန်းချက်များအရ၊ တရားစွဲဆိုနိုင်သည်။

(ခ) ကြိုတင်အကြောင်းကြား၍ဖြစ်စေ၊ အကြောင်းမကြားဘဲ ဖြစ်စေ လိုင်စင်ကိုခေတ္တရပ်စဲနိုင်သည်၊ သို့မဟုတ် ဖျက်သိမ်းနိုင်သည်။

## အပိုင်း ၈။

### ပြစ်မှုများနှင့်စပ်လျဉ်း၍၊ ပြစ်ဒဏ်စီရင်ရန်ပြဋ္ဌာန်းချက်များ။

၁၆။ ။မည်သူမဆို၊ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်—

(က) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုအတွက် ကျပ်ငါးရာအောက် မနည်းသည့်ငွေဒဏ်စီရင်ခြင်းခံရမည်။

(ခ) ထိုသို့စီရင်ခြင်းခံရပြီးနောက်၊ တနှစ်အတွင်းနောက်ထပ် ကျူးလွန်သည့်ပြစ်မှုအတွက်၊ ခြောက်လထိ ထောင်ဒဏ်အပြင်၊ ကျပ်တထောင်အောက်မနည်းသည့် ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

၁၇။ ။မည်သူမဆို၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်မှတပါး၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတခုခုကိုဖြစ်စေ ဖေါက်ဖျက်လျှင်၊ သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင်—

(က) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုအတွက် ကျပ်ငါးရာထိ၊ ငွေဒဏ်စီရင်ခြင်းခံရမည်။

(ခ) နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအသီးသီးအတွက် ကျပ်တထောင်ထိငွေဒဏ်ဖြစ်စေ၊ ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၈။ ။ဤအပိုင်းပါ မည်သည့်ပြဋ္ဌာန်းချက်မျှ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကို ဖျားနာသော၊ သို့မဟုတ် ဒဏ်ရာရသောသူများသယ်ဆောင်ရန်အတွက်ဖြစ်စေ၊ ဘေးဒုက္ခမှကယ်ဆယ်ရန် အစားအစာ၊ ဝတ္ထုပစ္စည်း၊ သို့မဟုတ် ဆေးဝါးများ သယ်ယူပို့ဆောင်ရန်အတွက်ဖြစ်စေ အရေးတကြီးကိစ္စတွင် အသုံးပြုခြင်းနှင့်မသက်ဆိုင်စေရ။

၁၉။ ။ဤဥပဒေအရဖြစ်သော ပြစ်မှုကိုသော်၎င်း၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတခုခုအရဖြစ်သော ပြစ်မှုကိုသော်၎င်း ကုမ္ပဏီတခုခုကကျူးလွန်လျှင်၊ ထိုပြစ်မှုကိုကျူးလွန်စဉ်က ထိုကုမ္ပဏီလုပ်ငန်းဆောင်ရွက်ရန်အတွက်၊ ၎င်းကိုအုပ်ချုပ်တာဝန်ခံသူဟူသမျှနှင့် ထိုကုမ္ပဏီသည်၊ ထိုပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူနိုင်သည့်ပြင်၊ ထိုသို့မှတ်ယူသည့်အားလျော်စွာ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းလည်းခံရမည်။

သို့ရာတွင် ထိုသူတဦးဦးက၊ အဆိုပါပြစ်မှုကိုမိမိမသိဘဲကျူးလွန်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါပြစ်မှုကျူးလွန်ခြင်းမရှိစေရန် မိမိလုံးလပြုသင့်သမျှ ပြုခဲ့ကြောင်းဖြင့်သော်၎င်း သက်သေထင်ရှားပြလျှင်၊ ထိုသူကို၊ ဤပုဒ်မပါစကားကြောင့်၊ဤဥပဒေတွင်ပြဋ္ဌာန်းထားသော မည်သည့်ပြစ်ဒဏ်မျှ စီရင်ခြင်းမပြုရ။

၂၀။ ။ပုဒ်မ ၁၉ တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုကိုသော်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ၊သို့မဟုတ် စည်းကမ်းဥပဒေတခုခုအရဖြစ်သောပြစ်မှုကိုသော်၎င်း ကုမ္ပဏီကကျူးလွန်သည့်ကိစ္စတွင်၊ ထိုပြစ်မှုကို၊ ထိုကုမ္ပဏီ၏ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိတဦးဦး၏ ခွင့်ပြုချက်၊ သို့မဟုတ်အလိုတူချက်အရ ကျူးလွန်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါပြစ်မှုကျူးလွန်ခြင်းမှာ၊ ၎င်းတို့တဦးဦးပေါ့လျော့သောကြောင့် ဖြစ်ကြောင်းဖြင့်သော်၎င်း သက်သေထင်ရှားပြလျှင်၊ အဆိုပါဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိသည်လည်း၊ ထိုပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူပြီးလျှင်၊ ၎င်းအား တရားစွဲဆိုနိုင်သည်။

<u>ရှင်းလင်းချက်</u>။ ။ဤပုဒ်မနှင့်ပုဒ်မ ၁၉ ပါကိစ္စများအလို့ငှါ—

(က) ''ကုမ္ပဏီ'' ဆိုသည်မှာ တရားဝင်အဖွဲ့ကိုဆိုလိုသည်။ ထိုစကားရပ်တွင် အစုစပ်လုပ်ငန်း၊ သို့မဟုတ် အခြားအသင်းအဖွဲ့လည်းပါဝင်သည်။ ထို့ပြင်

(ခ) အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ ''ဒါရိုက်တာ'' ဆိုသည်မှာ၊ အစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူ၊ သို့မဟုတ် အစုရှင်ကိုဆိုလိုသည်။

၂၁။ ။ဤကိစ္စအလို့ငှါ၊ အစိုးရကအာဏာအပ်နှင်းထားသူ မည်သူမဆို၊ သို့မဟုတ် အာဏာပိုင်အဖွဲ့ကအာဏာအပ်နှင်းထားသော ၎င်း၏မည်သည့်ရာထမ်းမှုထမ်းမဆို၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်တစင်းစင်းကို၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများ၊သို့မဟုတ် စည်းကမ်းဥပဒေများနှင့်ဖြစ်စေ၊ဆန့်ကျင်၍အသုံးပြုပြီး၊ သို့မဟုတ် ပြုဆဲဖြစ်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကိုအသုံးပြုနိုင်သည့် ခရီးစဉ်နှင့်ဖြစ်စေ၊ အသုံးပြုရာဒေသနှင့်ဖြစ်စေ၊ အသုံးပြုရန်ကိစ္စနှင့်ဖြစ်စေ စပ်လျဉ်း၍၊ အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည့် စည်းကမ်းချက်တခုခုနှင့် ဆန့်ကျင်ကာအသုံးပြုပြီး၊ သို့မဟုတ် ပြုဆဲဖြစ်ကြောင်းဖြင့်သော်၎င်း၊ ယုံကြည်ရန် အကြောင်းရှိလျှင်၊ အဆိုပါမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကိုသိမ်းယူတားဆီးထားနိုင်သည့်ပြင်၊ ဤကိစ္စအလို့ငှါ၊ အဆိုပါမော်တော်ယာဉ်၊ သို့မဟုတ် စက်ရေယာဉ်ကိုလုံခြုံစွာယာယီသိမ်းဆည်းထားရေးအတွက် မိမိသင့်သည့်ထင်မြင်သည့်အတိုင်း အရေးယူနိုင်သည်၊သို့မဟုတ် အရေးယူစေနိုင်သည်။

## အပိုင်း ၉။

### အာဏာပိုင်အဖွဲ့၏အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အယူခံရန် ပြဋ္ဌာန်းချက်များ။

၂၂။ ။အာဏာပိုင်အဖွဲ့က၊ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့က ချမှတ်သည့်အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကြောင့် နစ်နာသူမည်သူမဆို သတ်မှတ်သည့်ကာလအပိုင်းအခြားအတွင်း၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ဌာနတာဝန်ခံထံသို့ဖြစ်စေ၊ ဌာနတာဝန်ခံက ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် အရာရှိထံသို့ဖြစ်စေ အယူခံဝင်နိုင်သည်။ ထိုဌာနတာဝန်ခံက၊ သို့မဟုတ် ထိုအရာရှိက၊ ထိုသူအားသော်၎င်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အားသော်၎င်း ပြောရေးဆိုခွင့်ပေးနိုင်သည်။

## အပိုင်း ၁၀။

### အထွေထွေ။

၂၃။ ။အာဏာပိုင်အဖွဲ့ဝင်များနှင့်အာဏာပိုင်အဖွဲ့၏ရာထမ်းမှုထမ်းများသည်၎င်း၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၏ရာထမ်းမှုထမ်းများသည်၎င်း ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သည့်အခါ၊ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သည့်အခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ ။(၁) အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်ကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာဖြင့်နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အောက်ပါကိစ္စရပ်တခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အားလုံးနှင့်စပ်လျဉ်း၍ဖြစ်စေ နည်းဥပဒေများပြုနိုင်သည်။

(က) ဥက္ကဋ္ဌနှင့်အစိုးရ အရာရှိမဟုတ်သောအဖွဲ့ဝင်များ၏ရာထူးသက်တမ်းသတ်မှတ်ရေး၊ ရာထူးမှရပ်စဲရေးနှင့် ၎င်းတို့အတွက်လစာနှင့်စရိတ်များသတ်မှတ်ရေးကိစ္စ။

(ခ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ဝင်များအဖြစ် ခန့်ထားရန်အရည်အချင်းနှင့် အမှုထမ်းစည်းကမ်းသတ်မှတ်ရေးကိစ္စ။

(ဂ) အာဏာပိုင်အဖွဲ့နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်ရေးနှင့် အစီရင်ခံစာများတင်သွင်းရေးကိစ္စ။

(ဃ) အယူခံမှုများနှင့် စပ်လျဉ်း၍ပြဋ္ဌာန်းရေးကိစ္စ။

(င) သတ်မှတ်ရန်လိုအပ်သည့်အခြားကိစ္စများ။